## စာရေးသူ၏အမှာ

ဘားရက်အိုဘားမားသည် အမေရိကန်ပြည်ထောင်စု၏ လက်ရှိသမ္မတဖြစ်သည်။ သူ သမ္မတမဖြစ်ခင် ဆီနေတာ ဘဝတွင်ပင် "The Audacity of Hope" ကို ရေးသားခဲ့ခြင်းဖြစ်ပြီး အမေရိကန်နိုင်ငံနှင့်ပတ်သက်၍ သူ့မျှော်မှန်းချက်အိပ်မက်များကို စုစည်းဖော်ပြထားသည်။ ၎င်းစာအုပ်ထွက်လျှင် ထွက်ချင်းပင် ကျွန်တော် ဩစတြေးလျတွင် ဖတ်ဖြစ်ခဲ့သည်။ စာအုပ်ဖတ်ပြီးသည်နှင့် ၎င်းစာအုပ်ကို မြန်မာပြန်ဆို၍ မြန်မာပြည်သူလူထုသို့ ဖြန့်ချိလိုစိတ် ပေါ်ခဲ့သည်။ အထူးသဖြင့် မြန်မာ လူငယ်ထုကို ဘားရက်အိုဘားမား၏ တွေးပုံခေါ်ပုံ စဉ်းစားပုံစဉ်းစားနည်းကို သိစေချင်သည့် 'ချဉ်ခြင်း' ဖြစ်ခဲ့သည်။

နိုင်ငံရေးသံသရာ ဝဲဩဃတွင်လည်ပတ်ရင်း NLD-LA တွင် တာဝန်ယူရန် ထိုင်းနိုင်ငံသို့ ကျွန်တော်ရောက်သွားခဲ့သည်။ ယင်းကာလအတွင်း တက်သစ်စ လူငယ်တစ်ဦးဖြစ်သော 'နေစကြာနိုင်' နှင့် တွေ့ဆုံသိကျွမ်းခဲ့ရသည်။ 'နေစကြာနိုင်' သည် နောင်တွင် 'ခေတ်လူငယ်များ၏မှတ်စု' ဂျာနယ်ကို အယ်ဒီတာချုပ်အဖြစ် ဦးစီးထုတ်ဝေခဲ့သူဖြစ်သည်။ သူက သူတို့ လူငယ်များဖတ်ရန်အတွက် ဘားရက်အိုဘားမား၏ "The Audacity of Hope" ကို မြန်မာဘာသာပြန်ဆိုပေးရန် တိုက်တွန်းခဲ့ပါသည်။ သူ့တွန်းအားပေးမှုက "The Audacity of Hope"မှ 'မျှော်လင့်ချက်ရဲမာန်' ဖြစ်လာစေရန် ကျွန်တော်၏ 'ချဉ်ခြင်း' ကို အကောင်အထည် ပေါ်စေခဲ့ပါသည်။

ဘားရက်အိုဘားမား၏ "The Audacity of Hope" တွင် အခန်း(၉)ခန်းပါရှိသည်။ အကြောင်းအရာတစ်ခုကို သီးခြားအခန်းတစ်ခန်းခွဲ၍ ရေးထားပါသည်။ အခန်း(၁) ရီပတ်ဘလီကန်နှင့် ဒီမိုကရက်တွင် ပါတီနှစ်ရပ် သဘောထားကွဲလွဲပုံများ၊ ယခင်က ပါတီနှစ်ရပ်၏ ခေါင်းဆောင်များ သဘောထားကြီးစွာ ရင်းရင်းနှီးနှီး ဆောင်ရွက်ခဲ့ပုံများ၊ နောင်တွင် ခေါင်းဆောင်များပါတီစွဲ ဝါဒစွဲကြောင့် အလုပ်မဖြစ်ပုံများ၊ နိုင်ငံ့အကျိုးအတွက် ပါတီစွဲ၊ ဝါဒစွဲကို ရှေ့တန်းမတင်ဘဲ ပူးပေါင်းဆောင်ရွက်လျှင် အကျိုးဖြစ်ထွန်းမည်ဟု သူ၏ယူဆချက်များကို ရေးသားထားသည်။ အခန်း (၂) တန်ဖိုးများတွင် အမေရိကန်လူမျိုး



တို့၏ စံတန်ဖိုးများအကြောင်း အသေးစိတ်ဆွေးနွေးထားပြီး လူတစ်ဦးချင်းစီ၏ စံတန်ဖိုးက လူ့အဖွဲ့အစည်းကို ထိခိုက်စေသင့်သလား၊ တစ်ဦးချင်းစီ၏ စံတန်ဖိုးများနှင့် လူ့အဖွဲ့အစည်း တိုးတက်မှု သဟဇာတ ဖြစ်သင့်သည်ဟု သူ့ယူဆချက်ကို တင်ပြထားသည်။ အခန်း(၃) ကျွန်ုပ်တို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အမေရိကန် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခဲ့စဉ်က နိုင်ငံစတင်တည်ဆောက်ခဲ့သူများ အနေဖြင့် အမြော်အမြင်ကြီးမားစွာ ကြိုးပမ်းအားထုတ်ခဲ့ပုံများ၊ ရေးဆွဲခဲ့သူများ ကိုယ်နှိုက်ပင်လျှင် သဘောထား မတိုက်ဆိုင်မှုများ ရှိခဲ့ပုံများ၊ နောင်လာနောက်သားများက ဖခင်ကြီးများ ရေးဆွဲခဲ့သည့် ဥပဒေဘောင်အတွင်းက လိုက်နာဆောင်ရွက်ခဲ့ကြသဖြင့် စံနမူနာပြ နိုင်ငံဖြစ်နေပုံများကို ရေးသားထားသည်။ အခန်း (၄) နိုင်ငံရေးတွင် သူ၏နိုင်ငံရေး သမားဘဝ အတွေ့အကြုံများ၊ ကိုယ်စားလှယ်လောင်းတစ်ယောက်၏ မဲဆွယ်စည်းရုံးရေး အတွေ့အကြုံများရေးဖွဲ့ထားပြီး နိုင်ငံရေးသမား တစ်ယောက်၏ဘဝ မလုံခြုံမှုများကို ထောက်ပြထားသည်။ အခန်း(၅) အခွင့်အလမ်းတွင် သူကိုယ်တိုင်က လူမည်းတစ်ဦးဖြစ်၍ လူဖြူနှင့်လူမည်းအကြား အခွင့်အလမ်း ညီမျှမှု မရှိခဲ့မှုများ၊ အခွင့်အလမ်းလျော့ကားကို တက်ရာတွင် အသား အရောင်က အတားအဆီး မဖြစ်သင့်ဘဲ ကိုယ်ကျင့်တရားနှင့် ပညာအရည်အချင်းတို့ကသာ အဆုံးအဖြတ်ဖြစ်သင့်ပြီး အမေရိကတွင် တစ်စတစ်စ တိုးတက်ဖြစ်ထွန်းမှုကို ဖော်ပြထားသည်။ အခန်း(၆) ယုံကြည်သက်ဝင်မှုတွင် မျက်ကန်းဘောတိုး ယုံကြည်သက်ဝင်မှုကို သူက အားမပေးသည့်အတွက် သူ့ကို သံသယရှိသူအဖြစ် သတ်မှတ်ခံရပြီး သမ္မာကျမ်းစာလာအတိုင်း လိုက်နာ ဆောင်ရွက်လျှင် အစိုးရအဖွဲ့၏ လုပ်ငန်းများ အန္တရာယ်ရှိနိုင်ကြောင်း သူက ထောက်ပြထားသည်။ အခန်း(၇)လူမျိုးတွင် သူ့သမီးတို့၏ နောင်မျိုးဆက်အတွက် လူမျိုးခွဲခြားခြင်း မရှိသည့် အမေရိကကို မြင်တွေ့လိုသည့် သူ့မျှော်မှန်းချက်အား ရေးဖွဲ့ထားသည်။ အခန်း(၈) ကျွန်ုပ်တို့၏ နယ်စပ်မျဉ်းများအပြင်က ကမ္ဘာတွင် ကမ္ဘာ့အရေးအခင်းများ ဖြေရှင်းရာ၌ မိမိ၏ မဟာမိတ်များ ပါဝင်လာအောင် ဆွဲဆောင်စည်းရုံးနိုင်ခြင်းဖြင့် မိမိလုပ်ဆောင်ချက် မှန်ကန်ကြောင်း ပြသနိုင်မှုကို မီးမောင်း ထိုးပြထားသည်။ အခန်း (၉) မိသားစုတွင် နိုင်ငံရေးသမားဘဝနှင့် မိသားစုဘဝအကြား လွန်ဆွဲ အားပြိုင်ရမှုများ၊ မိသားစုဘဝ၏ အရေးပါမှုများ၊ သူ၏နိုင်ငံရေးသမားဘဝတွင် ဇနီးသည်၏ အရေးပါမှုများ၊ သူ့မိသားစုအပေါ် သူ၏ချစ်မြတ်နိုးမှုများကို လှပစွာရေးဖွဲ့ထားသည်။

ဘားရက်အိုဘားမားသည် စာအရေးအသားလှပကောင်းမွန်သည်။ ဝေါဟာရကြွယ်ဝသည်။ ဟားဗတ်တက္ကသိုလ်ဥပဒေကျောင်းဆင်းဖြစ်၍ နိုင်ငံရေးနှင့် ဥပဒေရေးရာတို့တွင် နှံ့စပ် ကျွမ်းဝင်သည်။ သူ့အင်္ဂလိပ်စာအရေးအသားကို ဘာသာပြန်ရသည်မှာ လက်ဝင်သည်ဟု ဆိုရမည်။ ဘာသာပြန်ဆိုရာ၌ ဆီလျော်အောင် ဖတ်ကောင်းရုံမပြန်ဆိုဘဲ သူ့အာဘော်နှင့် အနီးစပ်ဆုံးဖြစ်အောင် ကြိုးစားအားထုတ်ထားပါသည်။ တစ်စုံတစ်ရာ



ချွတ်ချော်တိမ်းပါးမှုရှိလျှင် ဘာသာပြန်သူ၌သာ တာဝန်ရှိပါသည်။ အမေရိကန် သမ္မတဖြစ်သွားသူတစ်ဦးရေးသားသည့် အတွေးအခေါ်စာပေကို မြန်မာပြည်သူလူထုလက်တွင်းသို့ ပြန်ဆိုပေးပို့နိုင်ခဲ့ပြီး မြန်မာနိုင်ငံအတွက် မြန်မာလူငယ်ထုအတွက် တစ်စုံတစ်ရာ အကျိုးကျေးဇူးဖြစ်ထွန်းမည်ဆိုပါက ကျွန်တော် ကြိုးစားအားထုတ်ရမှုကျိုးနပ်ပြီဟု ဆိုရပါမည်။

မေတ္တာဖြင့် -

**ဒေါက်တာအေးကျော်**

**ရန်ကုန်မြို့**

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ၊ (၁၉)ရက်။